# သိမှတ်ဖွယ်ရာ
# အင်္ဂလိပ်စာအသုံးအနှုန်းများ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

# စကားဦး

သဒ္ဒါဆိုသည် မှာ ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် ပြောဆိုသော စကား၏ အစိတ်အပိုင်းဟု ဆိုကြသည် ။ သဒ္ဒါမကျ စာမတတ်ဟု ဆိုရိုးရှိကြသည် ။ သို့သော် လူတို့ သည် ရှေးအတီတေ ကာလကတည်းကပင် နားလည်လျှင်ပြီးရော သဘောမျိုးဖြင့် သဒ္ဒါကိုပင် မင့်ကွက်ဘဲ စကားပြောဆိုခဲ့ကြသည် ။ မျက်မှောက်ကာလ အင်တာနက်ခေတ် ကာလမှာ လည်း လိုတိုရှင်း သဘောပေါက်ရန် ပဓာနထား ပြောဆိုကြသည် ။ ဤစကားအသုံးအနှုန်းတို့ က စာထဲသို့ စူးဝင်နေကြသည် ။ ဤအရေးတို့ ကြောင့် စာတို့ ဘဝပျက်နေသည် ဟု ယူဆသူတို့ ရှိသလို တိုး၍ ထက်မြက်နေသည် ဟု ခံယူသူတို့ လည်း ရှိကြသည် ။

တစ်ဦးနှင့်တစ်ယောက် စကားဆက်သွယ် ပြောဆိုသည့် အဓိက အကြောင်းတရားမှာ သူ့သဘော၊ ကိုယ့်သဘော အပြန်အလှန် နားလည် သိရှိစေရန်သာ ဖြစ်သည် ။ သဒ္ဒါစည်းကမ်း စောင့်ထိန်း သည့်တိုင်အောင် တစ်ဖက်လူ သို့မဟုတ် အများ နားမလည်လျှင် ရသဂုဏ်မမြောက်သော စကား၊ သဒ္ဒါစည်းကမ်း ဖောက်ဖျက်သည့်တိုင်အောင် အများ နားလည်လျှင် ရသဂုဏ်မြောက်သောစကား ဟု ပင် ယူဆရမည်။ ဤစာစုတွင် ရသဂုဏ်ပျက်ရသော စကား၊ စာအချို့ကို သုံးသပ်ဆန်းစစ်ထားပါသည် ။ ထိုစာ၊ စကားတို့ ၏ ဖြစ်စဉ်နှင့် သဘာဝတို့ ကို ထောက်ပြထားပါသည် ။ စာတစ်ကြောင်း၊ ပေတစ်ပုဒ် လွယ်ကူစွာ နား

လည်ရေးအတွက် လိုအပ်ချက်များကို ညွှန်ပြထားပါသည်။

*****